Network for Democracy and Development

Documentation and Research Department

PO Box 179, Mae Sot 63110, Thailand. Tel + 66 1 7241281, E-mail: ndddrd07@csloxinfo.com

# အပါတ်စဉ် ပြည်တွင်းသတင်း သုံးသပ်ချက်
# အမှတ်စဉ် (၃၅၉)

## "ကြပ်ပြေး နန်းတွင်းအရှုတ်တော်ပုံ အမှတ်(၂၄)"

၂၀၀၅ ခုနှစ် နိုဝင်ဘာ(၆)ရက်နေ့ မနက် (၆)နာရီခွဲတိတိမှာ ပျဉ်းမနား ကြပ်ပြေးဒေသကို နအဖစစ်အစိုးရရုံးတွေ ရုတ်တရက် ပြောင်းရွှေ့သွားတဲ့သတင်းကို ကမ္ဘာ့ကလည်း အထူးစိတ်ဝင်စားကြတာ တွေ့ရပါတယ်။ ကမ္ဘာ့သတင်းစာတွေ၊ ရုပ်မြင်သံကြားတွေနဲ့ ရေဒီယိုတွေမှာ ပလူပျံအောင် ဖေါ်ပြကြတာတွေ့ရပါတယ်။ တခြားနိုင်ငံတချို့မှာလည်း မြို့တော်တွေ ပြောင်းရွှေ့ကြတာရှိခဲ့ပေမဲ့ နအဖက ကြပ်ပြေးကို မြို့တော်ပြောင်းရွှေ့တဲ့သတင်းလောက် လူတွေက စိတ်မဝင်စားခဲ့ကြပါဘူး။

၁၉၉၅ ခုနှစ်က မလေးရှားနိုင်ငံမှာ အစိုးရရုံးတွေကို ဂျာကာတာမြို့တော်ကနေ ပူထရာဂျာရာ မြို့သစ်ကို ပြောင်းရွှေ့သွားခဲ့ပေမဲ့ ကမ္ဘာ့သတင်းမီဒီယာတွေမှာ အခုလောက်အာရုံစိုက်ပြီး ရေးသားဖေါ်ပြခဲ့ကြတာ မတွေ့ရပါဘူး။ မလေးရှားအစိုးရက မြို့တော်ပြောင်းရွှေ့မဲ့ ဆုံးဖြတ်ချက်နဲ့ မြို့တော်သစ် တည်ဆောက်နေမှုတွေကို လျှို့ဝှက်မထားဘဲ ပြည်သူလူထုကို အချိန်နဲ့တပြေးညီ အသိပေးနေခဲ့တာကြောင့် မြို့တော်ပြောင်းရွှေ့တဲ့အခါ ဘယ်သူမှ အထူးအဆန်းမဖြစ်တော့တာ ဖြစ်ပါတယ်။

**"Top Secret Bottom Open"** ဆိုတဲ့ နအဖ စစ်ဗိုလ်ချုပ်တွေကတော့ မြို့တော်သစ် တည်ဆောက်နေတဲ့သတင်းကို ထိပ်တန်းလျှို့ဝှက်အဖြစ်နဲ့ ထားရှိခဲ့ရာက နိုဝင်ဘာလ(၆)ရက်နေ့မှာ ရုတ်တရက် ဖေါ်ထုတ်အသိပေးလိုက်တာကြောင့် ကြပ်ပြေးမြို့တော်သစ်ကို ပြည်တွင်းပြည်ပက ပိုပြီးစိတ်ဝင်စားခဲ့ကြတာ ဖြစ်နိုင်ပါတယ်။

တခြားနိုင်ငံတွေမှာ မြို့တော်တွေကို နေရာပြောင်းရွှေ့တဲ့အခါ နအဖလို ထိပ်တန်းလျှို့ဝှက်ထားပြီး ပြောင်းရွှေ့တာမျိုး မတွေ့ရပါဘူး။ ကမ္ဘာစစ်နဲ့ ပြည်တွင်းစစ်ကာလတွေမှာ လုံခြုံရေးအရ လျှို့ဝှက်ထားဖို့လိုအပ်လို့ မြို့တော်ပြောင်းရွှေ့တဲ့ကိစ္စကို ထိပ်တန်း လျှို့ဝှက်အဆင့် သတ်မှတ်ခဲ့ရတာပါလို့ နအဖ ဗိုလ်ချုပ်တွေက အကြောင်းပြခဲ့မယ်ဆိုရင် မြန်မာပြည်သူတွေသာမက ကမ္ဘာကပါ နအဖအပေါ် နားလည်ပေးနိုင်ကြမှာ သေချာပါတယ်။

ဒါပေမဲ့ နအဖရဲ့ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ်ကျော်ဆန်းက "နယ်စပ်ဒေသနဲ့ ကျေးရွာတွေအပါအဝင် မြန်မာနိုင်ငံ တဝှမ်းကို အုပ်ချုပ်ရတာ လွယ်ကူအောင် လမ်းပန်းဆက်သွယ်ရေးအရ ဗဟိုကျတဲ့ မြန်မာနိုင်ငံအလယ်ပိုင်းကို ပြောင်းရွှေ့ရတာဖြစ်တယ်" ဆိုတဲ့ အကြောင်းပြချက်ကတော့ ကြားသိရသူအပေါင်းအတွက် ဟာသတစ်ပုဒ် ဖြစ်စေခဲ့တာ တွေ့ရပါတယ်။

တပ်မတော်သားတွေအပါအဝင် ပြည်သူလူထုတရပ်လုံး ဆင်းရဲဒုက္ခမျိုးစုံနဲ့ ရင်ဆိုင်နေရချိန်မှာ ဒေါ်လာသန်း ထောင်ပေါင်းများစွာကုန်ကျပြီး နှစ်ပေါင်းများစွာ အချိန်ယူတည်ဆောက်ရမဲ့ ကြပ်ပြေးမြို့တော်သစ်ကို ပြောင်းရွှေ့ခဲ့ရတာဟာ လမ်းပန်းဆက်သွယ်ရေးအရ ဗဟိုကျလို့ တိုင်းပြည်ကိုအုပ်ချုပ်ရာမှာ လွယ်ကူအောင် လုပ်ရခြင်းဖြစ်ပါတယ်ဆိုတဲ့ ဗိုလ်မှူးချုပ်ကျော်ဆန်းရဲ့ အကြောင်းပြချက်အပေါ် မြန်မာ့တပ်မတော်အတွင်းမှာလည်း မကျေနပ်မှုတွေ ပေါ်ပေါက်ခဲ့ကြောင်း သိရှိရပါတယ်။

ဒါကြောင့် ၂၀၀၆ ခုနှစ် စက်တင်ဘာ (၁၀)ရက်နေ့မှ (၁၅)ရက်နေ့အထိ ကြပ်ပြေးနေပြည်တော်မှာ ကျင်းပပြုလုပ်ခဲ့တဲ့ နအဖရဲ့ ၂၀၀၆ ခုနှစ် တတိယလေးလပတ် စစ်ဆင်ရေးညှိနှိုင်းအစည်းအဝေးမှာ နအဖဥက္ကဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုယ်တိုင် **Heart Land Theory** ဆိုတာကိုဖန်တီးပြီး သူဘာကြောင့် ကြပ်ပြေးကို ပြောင်းရွှေ့ခဲ့ရသလဲဆိုတာကို တိုင်းမှူးတွေ၊ တပ်မမှူးတွေ၊ စကခမှူးတွေနဲ့ စစ်ရုံးချုပ်က အကူလက်ရုံးတပ်မှူးတွေကို အကျယ်တဝင့် ချပြရှင်းလင်းတာတွေ လုပ်ခဲ့ရပါတယ်။

"လုံခြုံရေးအင်္ဂါရပ်နဲ့အညီ သဟဇာတဖြစ်ပြီး ထိခိုက်မှုနည်းတဲ့နေရာ၊ သွားလာဆက်ဆံမှု ကောင်းတဲ့နေရာ၊ ဒါတွေကို ရွေးချယ်ပြီး နေပြည်တော်ကို တည်ဆောက်ခဲ့တာဖြစ်တယ်။ **Historical Point of View** အရ ကြည့်ကြည့်၊ **Back- ground History** အရ ကြည့်ကြည့်၊ **Heart Land Theory** နဲ့အညီ တည်ဆောက်ထားတာ ဖြစ်တယ်"။

“တိုင်းနဲ့ပြည်နယ် (၁၄)ခုနဲ့ အလွယ်တကူ ဆက်သွယ်နိုင်တဲ့နေရာ၊ ထက်အောက်ဝဲယာမှာ တည်ရှိနေကြတဲ့ စစ်တိုင်းဌာနချုပ်တွေကို အလွယ်တကူ အုပ်ချုပ်ကွပ်ကဲနိုင်တဲ့နေရာမှာ တည်ဆောက်ထားတာဖြစ်တယ်။ ပေါ်ပေါက်လာမဲ့ အခြေအနေတွေနဲ့ အညီ **Logistic Value, Tactical Value, Economic value, Social Value** တွေနဲ့ကိုက်ညီတဲ့ **Strong Background** နယ်မြေဖြစ်ဖို့ သိပ်အရေးကြီးတယ်။ **Political Problem, Logical Problem, Logistical Problem** တွေ မရှိတဲ့နေရာကို ရွေးချယ်နိုင်ဖို့ ပိုအရေးကြီးတယ်။” ဆိုပြီး သူ့ရဲ့ အမြော်အမြင်ကြီးပုံတွေကို ရှင်းပြခဲ့ပါတယ်။

ဗိုလ်ချုပ်မှူးကြီးရဲ့ ရှင်းလင်းချက်ဟာ “လမ်းပမ်းဆက်သွယ်ရေးအဆင်ပြေလို့ ပြောင်းရတာပါ” ဆိုတဲ့ ပြန်ကြားရေးဝန်ကြီးရဲ့ တုံးတိတိပြောဆိုချက်နဲ့စာရင် ယုတ္တိယုတ္တာ နည်းနည်းပိုရှိတဲ့အတွက် တိုင်းမှူးတွေ၊ တပ်မမှူးတွေ၊ စကခမှူးတွေက ကျေနပ် လက ခံသွားကြကြောင်း သိရှိရပါတယ်။ ဒါပေမဲ့ ရန်ကုန်မြို့တော်ကနေ မပြောင်းရွှေ့ချင်တဲ့ စစ်ရုံးချုပ် လက်ရုံးအကူဝန်ထမ်းတပ်တွေရဲ့ ညွှန်ကြားရေးမှူးတွေနဲ့ ဝန်ကြီးတွေကတော့ သိပ်မကျေနပ်ကြဘူးလို့ ဆိုပါတယ်။

တခြားနိုင်ငံတချို့မှာလည်း အကြောင်းအမျိုးမျိုးကြောင့် သူတို့ရဲ့မြို့တော်တွေကို နေရာပြောင်းရွှေ့ခဲ့ရတာတွေ၊ နေရာပြောင်းရွှေ့ဖို့ ပြင်ဆင်နေတာတွေရှိပါတယ်။ အီရန်နိုင်ငံရဲ့မြို့တော် “တီဟီရန်” ကို ငလျှင်ဒဏ်က ကင်းဝေးနိုင်မဲ့ သင့်တော်တဲ့ နေရာတစ်ခုကို ပြောင်းရွှေ့ဖို့ စဉ်းစားနေကြသလို တောင်ကိုရီးယားနိုင်ငံရဲ့မြို့တော် “ဆိုးလ်” ကိုလည်း မြောက်ကိုရီးယားနယ်စပ်နဲ့ ဝေးတဲ့နေရာတစ်ခုကို ပြောင်းရွှေ့ဖို့ စဉ်းစားနေကြတာတွေလည်း ရှိပါတယ်။

အဲဒီနိုင်ငံတွေဟာ ငွေကြေးနဲ့နည်းပညာ ချမ်းသာကြွယ်ဝတဲ့ နိုင်ငံတွေဖြစ်တဲ့အလျှောက် မြို့တော်အသစ်တစ်ခုကို နှစ်အနည်းငယ်အတွင်း တည်ဆောက်နိုင်စွမ်း ရှိကြပါတယ်။ ဒါပေမဲ့ အဲဒီနိုင်ငံတွေမှာ အစိုးရအာဏာပိုင်တွေက မြို့တော်ကို ကိုယ့်သဘောနဲ့ကိုယ် ပြောင်းချင်သလို ပြောင်းရွှေ့တာမျိုး လုပ်ခွင့်မရှိပါဘူး။ သူတို့ကို လုပ်ပိုင်ခွင့်အာဏာတွေ ပေးအပ်ထားတဲ့ မဲဆန္ဒရှင် အခွန်ထမ်းပြည်သူအများစုရဲ့ သဘောတူညီချက်တွေကို ရယူပြီးမှသာ ပြောင်းရွှေ့နိုင်မှာမို့ လွှတ်တော်အစည်းအဝေးတွေမှာ ဒီကိစ္စတွေကို အကြိမ်ကြိမ်တင်ပြ ဆွေးနွေးနေကြဆဲ ဖြစ်ပါတယ်။ ပြည်သူလူထုက လက်ခံလာအောင်လည်း လူထုဆက်သွယ်ရေး နည်းလမ်းတွေကို အသုံးပြုပြီး ပညာပေးစည်းရုံးမှုတွေ ပြုလုပ်နေကြရဆဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာတော့ စစ်အာဏာရှင်တွေက ပြည်သူတွေ စားဝတ်နေရေးဆင်းရဲကျပ်တည်းနေတာကို ဂရုမစိုက်ပါဘူး။ လုံးဝထည့်မစဉ်းစားပါဘူး။ ကိုယ့်အသက်အန္တရာယ်နဲ့ အာဏာ၊ စည်းစိမ်ဥစ္စာ တွေတည်မြဲဖို့ကိုသာ ဦးစားပေးဆုံးဖြတ်ခဲ့တာ တွေ့ နိုင်ပါတယ်။ ဒါကြောင့်လည်း နအဖ စစ်အာဏာရှင်တွေရဲ့လုပ်ရပ်ကို ပြည်တွင်းပြည်ပက အမျိုးမျိုး ဝေဖန်ပြောဆိုနေကြတာ ဖြစ်ပါတယ်။

နိုဝင်ဘာလ(၈)ရက်နေ့ထုတ် **The London Times** သတင်းစာက ဗေဒင်ယတြာတွေကို အလွန်ယုံကြည် အားကိုးတဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို သူကိုးကွယ်တဲ့ အထက်ဆရာကြီးတွေက အပြောင်းအလဲလုပ်ဖို့ အခါပေးတဲ့အတွက် နိုဝင်ဘာ (၆)ရက်နေ့ မနက်(၆)နာရီခွဲတိတိမှာ ဝန်ကြီးရုံး(၉)ခုက ဝန်ထမ်းတွေအားလုံး တပြိုင်တည်းပြောင်းရွှေ့ဖို့ ညွှန်ကြားခဲ့တာဖြစ်တယ်လို့ ရေးသားဖော်ပြခဲ့ပါတယ်။ ရှေ့မြန်မာဘုရင်တွေလက်ထက်မှာ ထီးသစ်နန်းသစ်တွေ တည်ထောင်ကြသလို ဗိုလ်ချုပ်မှူးကြီး သန်းရွှေကလည်း ကြပ်ပြေးနန်းသစ်တည်တာ ဖြစ်နိုင်တယ်လို့လည်း ဝေဖန်ရေးသားခဲ့ပါတယ်။ **Finicial Times** သတင်းစာကြီးကလည်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မင်းတုန်းမင်းကြီးကို အားကျပြီး ထီးနန်းသစ်တည်တာ ဖြစ်နိုင်တယ်လို့ ရေးသားဖော်ပြခဲ့ပါတယ်။

နိုဝင်ဘာလ(၈)ရက်နေ့ထုတ် **The Bangkok Post** သတင်းစာမှာတော့ ဆောင်းပါးရှင် သတင်းစာဆရာ လာရီဂျေဂင်က ဒီရှူးကြောင်ကြောင် အစီအစဉ်ဟာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ အစီအစဉ်ဖြစ်တယ်လို့ ရေးသားခဲ့ပါတယ်။ အနောက်နိုင်ငံတွေက ပင်လယ်ဘက်ကဝင်တိုက်မှာကို စိုးရိမ်လွန်ပြီး ပြောင်းရွှေ့ဖို့ ဆုံးဖြတ်ခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။ ရန်ကုန်မှာနေထိုင်တဲ့ ဝန်ထမ်းတွေကို စစ်အစိုးရက အခုလို အတင်းအကျပ် ပြောင်းရွှေ့ခိုင်းတော့မှပဲ ဝန်ထမ်းတွေနဲ့ မြန်မာပြည်သူတွေဟာ နယ်စပ်ဒေသက တိုင်းရင်းသားကျေးရွာတွေကို စစ်အစိုးရက အတင်းအကျပ် နေရာပြောင်းရွှေ့ပစ်နေတဲ့သတင်းတွေကို ပိုမို ယုံကြည်လက်ခံလာကြတယ်လို့ ဆိုပါတယ်။

အဲဒီနေ့ထုတ် **The Telegraph** သတင်းစာကြီးကတော့ နအဖဗိုလ်ချုပ်တွေဟာ တရုတ်ပြည်နဲ့နီးရင် သူတို့အတွက် ပိုလုံခြုံလိမ့်မယ်လို့ယူဆပြီး ကြပ်ပြေးကိုပြောင်းတာဖြစ်တယ်၊ မြို့တော်ပြောင်းရွှေ့ခ ကုန်ကျစားရိတ်တချို့ကို တရုတ်အစိုးရက ထောက်ပံ့ပေးခဲ့တယ်၊ နအဖက နောက်တက်မဲ့ အရပ်သားအစိုးရကို ကြပ်ပြေးကနေ ထိန်းချုပ်ဖို့ ကြံရွယ်နေဟန်ရှိတယ်လို့ ဝေဖန်ရေးသားခဲ့ပါတယ်။

ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇော ကတော့ ရန်ကုန်မှာ လူထုအုံကြွမှုတွေ ဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေတွေကြောင့် နအဖဗိုလ်ချုပ်တွေ ကြပ်ပြေးအရပ်ကို ထွက်ပြေးကြတာဖြစ်နိုင်တယ်လို့ **RFA** သတင်းဌာနကို ပြောဆိုခဲ့ပါတယ်။

တရုတ် “ဆင်ဟွာ”သတင်းဌာနကတော့ နအဖဗိုလ်ချုပ်ကြီးတွေအနေနဲ့ သူတို့ရဲ့လုံခြုံရေးနဲ့ နိုင်ငံခြားသားကြောက်ရောဂါကြောင့် အစိုးရရုံးတွေကို ပျဉ်းမနားကိုရွှေ့ပြောင်းခဲ့ပေမဲ့ မြို့တော်ကိုတော့ ရန်ကုန်မှာပဲ ဆက်ထားနိုင်တယ်ဆိုပြီး နိုဝင်ဘာ (၇)ရက်နေ့မှာ ရေးသားခဲ့ပါတယ်။

မလေးရှားနိုင်ငံမှာ အစိုးရရုံးတွေကို "ပူထရာဂျာရာ"ကို ပြောင်းရွှေ့ဖွင့်လှစ်ထားပေမဲ့ မြို့တော်ကိုတော့ "ကွာလာလမ်ပူ" ကိုပဲ ဆက်လက်အသိအမှတ်ပြုထားတာ တွေ့ရှိရပါတယ်။ ထို့နည်းတူ နယ်သာလန်နိုင်ငံမှာလည်း အစိုးရရုံးတွေနဲ့ တရားရုံးချုပ်ကို သဟိတ်ဂ် (**The Hague**) ဆိုတဲ့ မြို့ကလေးမှာ ဖွင့်လှစ်ထားပေမဲ့ မြို့တော်ကိုတော့ "အမ်စတာဒမ်" ကိုသာ ဆက်လက်သတ်မှတ်ထားပါတယ်။

မြန်မာစစ်အာဏာရှင် ဗိုလ်ချုပ်ကြီးတွေကတော့ ကြပ်ပြေးနေပြည်တော်ကို တည်ဆောက်ဖို့ စိတ်ကူးမရှိခင်က "ထူးခြားသည့် အခြေအနေရှိသည့် ရန်ကုန်မြို့တော်နှင့် ကိုကိုးကျွန်းမြို့နယ်တို့အား နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေ(၂)ခုအဖြစ် ထားရှိမည်" ဆိုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် အသေးစိတ် အခြေခံရမဲ့မူတွေထဲမှာ အတိအကျ ထည့်သွင်းရေးဆွဲ ပြဋ္ဌာန်းထားခဲ့ပါတယ်။ ဒါပေမဲ့ ၂၀၀၅ နှစ်ကုန်ပိုင်းမှာ ကြပ်ပြေးကို အလုံးအရင်းနဲ့ ပြောင်းပြေးပြီးနောက် "နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်။" ဆိုပြီး အရှက်မရှိ၊ သိက္ခာမရှိ "ခု ဆီထွင်း၊ ခု စာလေးကြော်" လုပ်ခဲ့ကြတာကို တွေ့နိုင်ပါတယ်။

နရသီဟပတေ့မင်းဟာ တရုတ်ရန်ကိုကြောက်ပြီး ပုဂံကနေထွက်ပြေးတဲ့အတွက် "တရုတ်ပြေးမင်း" လို့ မြန်မာရာဇဝင်မှာ စာတင်ခံခဲ့ရပါတယ်။ အခု နအဖအာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဟာလည်း အမေရိကန်ကိုကြောက်လို့ ရန်ကုန်က ထွက်ပြေးခဲ့တာမှန်ရင် မြန်မာ့သမိုင်းမှာ "အမေရိကန်ပြေးမင်း" လို့ သတ်မှတ်ကြမလား၊ ဒါမှမဟုတ် "ကြပ်ပြေးမင်း" လို့ သတ်မှတ်ကြမလား၊ ဆိုတာကိုတော့ တချိန်ချိန်မှာ မြန်မာပြည်သူတွေက ဆုံးဖြတ်ကြမှာဖြစ်ပါတယ်။ ။

***End of report/ Friday, April 03, 2009***
*ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ သုတေသနနှင့် မှတ်တမ်းတင်ဌာနမှ ထုတ်ဝေဖြန့်ချိသည်။*
***Documentation and Research Department (NDD)***